NATIONAL DEMOCRATIC FRONT
★★★(BURMA)★★★
P.O. Box – (101), Mae sod, Tak. 63110, Tel / Fax (+ 66) 55 536 757, Email: ndfburma@hotmail.com. Blog: ndf-burma.bolgspot.com

# ဦးဝင်းတင်နှင့် ပဒိုဒေးဖစ်သကဘော် စကားပြောခြင်းအစီအစဉ်

၂၀၁၀၊ ဖေဖေါ်ဝါရီလ (၁) ရက်။ **RFA** နံနက်ခင်းပိုင်း အစီအစဉ်

**ဦးဝင်းတင်**။ ။ ကျနော် ဦးဝင်းတင်ပါ ပြောပါ။

**ဒေးဖစ်သကဘော်**။ ။ ကျနော် ဒေးဖစ်သကဘော်ပါ၊ ကျနော်ကတော့ ကေအဲန်ယူ ဒု–ဥက္ကဌပေါ့လေ အခု ကျနော်တို့ တော်လှန်ရေးနေ့ ကတော့ ကျနော်တို့ဟာ နက်ဖြန်ခါ တော်လှန်ရေးနေ့လို့ ကျနော်တို့ သတ်မှတ်ထားပါတယ်။

**ဦးဝင်းတင်**။ ။ အို နက်ဖြန်ခါ တော်လှန်ရေးနေ့

**ဒေးဖစ်သကဘော်** ။ ။ ဟုတ်ကဲ့ (၆၁) ကြိမ်မြောက်ပေါ့ ၁၉၄၉–ခု၊ ဇန်နဝါရီလ ၃၁ ရက် အဲဒီကနေစပြီး တွက်လိုက် တဲ့အခါမှာ (၆၁)နှစ်။ ကျနော်တို့ကရင့် တော်လှန်ရေးကတော့ အဲဒီတုန်းကတော့ ဟိုဟာရှိတာပေါ့လေ၊ ကျနော်တို့ ရောဝတီတိုင်းကို ကရင်ပြည်နယ် သတ်မှတ်ပေးဖို့ အဲသလိုတောင်းဆိုမှုရှိတယ်။ အဲဒါကို တောင်းဆိုတာလွန်တယ်ဆိုပြီးတော့ နောက်ပြီးတော့ အဲဒီ ဗိုလ်ချုပ်နေဝင်း ကလည်း အာဏာလိုချင်တဲ့အခါကျတော့ ကရင်ကို နှိမ်နင်းပစ်တယ်ပေါ့။

အဲဒီတော့ ဘာလုပ်လဲဆိုတော့ ကရင်–ဗမာ အဓိကရုဏ်းပုံစံမျိုး ဖန်တီးလိုက်တယ်။ ကပိုက်ဆောင်တပ်အနေ နဲ့ ကျနော်တို့ ကရင်ရွာတွေကို စပြီးတော့တိုက်တယ်၊ တိုက်တာက ဘယ်မှာလဲဆို ပလော၊ ပလောက်ပေါ့၊ ဘိတ်၊ ထားဝယ် နယ်စပ်မှာဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ ဇန်နဝါရီလထဲမှာ အလုံ၊ ကရင်ရပ်ကွက်ကို ဝင်ပြီးတော့ မီးရှို့တယ်၊ နောက် သမိုင်းကိုမီးရှို့တယ်၊ နောက်ပြီးတော့ အင်းစိန်ကို (၃၀) ရက်မရောက်ခင်ပေါ့၊ (၃၀) ရက်အပါအဝင်ပေါ့ ကရင် ရပ်ကွက်ကို ပစ်လား၊ ခတ်လား လုပ်တဲ့အခါမှာ (၃၁) ရက်နေ့မှာ ကရင်တွေက ရရာလက်နက်နဲ့ ထပြီးတော့ ကျနော်တို့ တိုက်ရတာပဲ။ အဲဒါက ကိုယ့်ကိုယ်ကို ကာကွယ်တဲ့အနေနဲ့ တိုက်ခိုက်မှုဖြစ်တယ်။

ရင်ရဲ့လှုပ်ရှားမှုက ငြိမ်းချမ်းတဲ့နည်းနဲ့ ကိုယ့်အခွင့်အရေးရရှိရေး၊ အပေးအယူလုပ်ပြီးတော့ ပြဿနာများ ဖြေရှင်းရေးဆိုတဲ့ အခြေခံပါဘဲ။ ဒါပေမဲ့လို့ အဲဒီဗိုလ်ချုပ်နေဝင်းက ကရင်လူထုနဲ့ဗမာလူထု အဲဒီမှာနားလည်မှု မှားတယ် ဖြစ်အောင် အဲလို ရန်တိုက် ပြီးတော့ သူက ကျွန်တော်တို့ကရင်ကို စတိုက်တော့တာပဲ။ အဲဒီမှာတခုပြောချင် တာကတော့ အင်းစိန်တိုက်ပွဲက (၁၁၁) ရက်ပေါ့၊ တချို့က လည်း (၁၂၂) ရက်လို့ပြောတယ်။ အဲဒီမှာ စောဘဦးကြီးကို ငြိမ်းချမ်းရေးအတွက်ခေါ်တယ်ပေါ့။ ရန်ကုန် ရောက်တဲ့အခါမှာတော့ ပြန်မလွှတ်ဘူး။ သွားပြီး အောင်သွယ်ပေးတာက အဲဒီတုန်းက သံရုံးက ပါကစ္စတန်ရယ်၊ အိန္ဒိယရယ်၊ နောက်ပြီးတော့ ဗြိတိသျှသံရုံးက အောင်သွယ်ပေးတယ်။ သူကလည်း ကြိုတင်သတ်မှတ်မှုမရှိပဲနဲ့ သူက အလောတကြီးသွားတာပေါ့လေ၊ ယုံယုံကြည်ကြည်နဲ့သွားတာ။

ဒါပေမဲ့လို့ ရန်ကုန်ရောက်တော့ ဦးနုကနေပြီးတော့ ခင်ဗျားတို့မပြန်နဲ့တော့ မလိုတော့ဘူး။ အဲ လက်နက်ချဖို့ပဲရှိတယ်။ အဲဒီ တော့ သူ့အနေနဲ့က ဘာပြောရမယ်ဆိုတော့ ကျွန်တော်မပြန်လို့ဘယ်ဖြစ်မလဲ၊ ကျွန်တော် ပြန်ပြီးတော့ ခေါင်းဆောင်တွေနဲ့ ဆွေးနွေး ရမှာဖြစ်တယ်။ ခင်ဗျားတို့ကို လက်နက်ချခိုင်းတာဆိုတော့ အဲဒီတော့မှ ပြန်ခိုင်းတယ်။ စောဘဦးကြီးတို့အဖွဲ့ ရန်ကုန်မှာ ရောက်နေတဲ့

အချိန်မှာ နေဝင်းက ဘာလုပ်လဲဆိုတော့ သူရဲ့စစ်ကူတွေကို လိုင်မြစ် တဖက်ကမ်းကနေပြီးတော့ အင်းစိန်အရှေ့မျက်နှာကိုပို့တာပေ့ါ နေရာကောင်းကို တက်ယူတာပေ့ါ။

ကရင်တွေကလည်း ပစ်ရအခက်၊ မပစ်ရအခက် ဘာလို့လဲဆိုတော့ စောဘဦးကြီးဦးဆောင်တဲ့ အဖွဲ့က ဟိုး ရန်ကုန်မှာ ရောက်နေတယ် ဆိုတဲ့အခါကျတော့ အဲဒီလိုခံရတာပေ့ါ။ ကျနော်တို့ကရင်ကတော့ ရိုးသားတယ်၊ ဒါပေမဲ့ တဖက်က ဗိုလ်ချုပ်နေဝင်းတို့က မရိုးမသားတဲ့ခြေလှမ်းနဲ့ အဲဒီလို တော်လှန်ရေးမဖြစ် ဖြစ်အောင် သူတို့ တမင်သက်သက် ဆွတယ်၊ နောက်ပြီးတော့ ကရင်ကို အပြတ်ချေမှုန်းချင်တယ်ပေ့ါ။ နောက်ပြီးတော့ အမျိုးမျိုးစွပ်စွဲတာပေ့ါဗျာ၊ ကျနော်တို့ က နယ်ချဲ့နောက်လိုက်တို့၊ နယ်ချဲ့ သစ္စာခံတို့၊ အမေကျော်၊ ဒွေးတော်လွှမ်းတယ်၊ အဲဒါမျိုးတွေပေ့ါ ။

**ဦးဝင်းတင်**။ ။ဦးဒေးဗစ် ၊ ဦးဒေးဗစ်ပြောတာ ကျနော် နားထောင်ဖူးပါတယ်နော်။ နောက်တခုက ကျနော် ဒီဟာတွေနဲ့ ပတ်သက်ပြီး တော့လည်း ကျနော်တို့ တော်တော်လေး ဖတ်ဖူး၊ ကြားဖူး၊ မှတ်ဖူးပါတယ်။ ကျနော်ကတော့ ဘယ်လို ပြောချင်လဲဆိုတော့ ကျနော်တို့ ဗမာပြည်မှာလည်း ပြည်တွင်းစစ် ဖြစ်လာတာလည်း နှစ်ပေါင်း (၆၀) ကျော်ခဲ့ပြီပေ့ါ နော့်၊ ဒီနေ့အချိန်အထိ ပြည်တွင်းစစ် အခြေအနေက ဒီစစ်အစိုးရရဲ့ လုပ်ကိုင်နေပုံနဲ့ဆိုလို့ရှိရင် ပြည်တွင်းအခြေအနေက ထပ်ပြီးတော့ မီးတောက်ဦးမယ့်အနေအထားတွေက ဆက်ရှိနေတယ်။ အဲဒီတော့ ကျနော်တို့ကတော့ ဘယ်လိုလဲဆိုတော့ ရှေ့လျှောက်ပြီးတော့ ပြည်တွင်းစစ်မီးမတောက်အောင် ကျနော်တို့ တားကြဖို့ အလွန်အရေးကြီးတယ်။

အဲဒီဟာတွေအတွက် ကျနော်တို့ဟာ တိုင်းရင်းသား လူမျိုးတွေရဲ့ အခွင့်အရေးတွေ အပြည့်အဝရရှိရေးတို့ ဘာတို့လည်း ကျနော်တို့ တဖက်ကနေပြီးတော့ ကျနော်တို့ရှေ့ရှုဖို့လိုတယ်၊ အကောင်အထည်ဖေါ်ဖို့လိုတယ်။ တဖက်ကလည်း ကျနော်တို့ တိုင်းရင်းသားအရေး နားလည်ဖို့ တိုင်းရင်းသားအရေး ချစ်ကြည်ရေးတွေ ပြန်လည်တည်ဆောက်ဖို့၊ ပါတီနဲ့လူငယ်၊ နောက်တခုတော့ ဒီအခြေအနေတွေ အားလုံးပေါ်လာအောင် နိုင်ငံရေးအခြေအနေတွေလည်း ဖန်တီးဖို့လိုတယ်လို့ ကျနော်တို့ သဘောရပါတယ်။ ဆိုတော့ ဦးဒေးဗစ်တို့က ဘယ်လိုများ သဘောထားတွေ ရှိလဲ၊ အဲဒါတွေကို ကျနော်တို့ ကြားချင်ပါတယ် ခင်ဗျား။

**ဒေးဗစ်သကဘော်**။ ။ ဟုတ်ကဲ့၊ ကျနော်တို့ကတော့ ဒီ ကရင်လူမျိုး နောက်ပြီးတော့ တခြားလူမျိုးတွေပေ့ါဗျာ၊ ကျနော်တို့ အခြေခံ အခွင့်ရေးရဖို့ အဲဒါ ငြိမ်းချမ်းတဲ့နည်းနဲ့ ကျနော်တို့ဖြေရှင်းချင်တယ်။ ကျနော်တို့ စစ်အစိုးလုပ်နေသလို လူမျိုးမှန်းတီးရေးအခြေခံနဲ့ စစ်ရေးအရ တိုက်ခိုက်နေမယ်ဆိုရင်တော့ ငြိမ်းချမ်းမှာမဟုတ်ဘူး၊ အာဏာရှင်စနစ် တည်မြဲရေးအတွက်ပဲ လုပ်တာ။ အဲလိုလုပ် နေလို့က တော့ ငြိမ်းချမ်းမှာမဟုတ် ။ ဒီရွေးကောက်ပွဲမှာ ကျနော်တို့ ဝင်တာ၊ မဝင်တာထားလိုက်၊ ပြည်တွင်းမှာ လွတ်လပ်တဲ့ ၊ အားလုံးပါဝင်တဲ့ ရွေးကောက်ပွဲလုပ်ပါ၊ NLD တို့ တိုင်းရင်းသားအဖွဲ့အစည်းတွေပေ့ါဗျာ အနိုင်ရမယ်ဆိုရင်တော ငြိမ်းချမ်းရေးရနိုင်တယ်လို့ ကျနော် တို့မြင်ပါတယ်။ အခုလို အာဏာ တည်မြဲရေးသာ ဆက်လုပ်နေမယ်ဆိုရင်တော့ မဖြစ်တော့ဘူး။

**ဦးဝင်းတင်**။ ။ ကျနော်ကတော့ ဘယ်လိုစဉ်းစားတယ်ဆိုတော့ ကျနော်တို့ စောစောက ဦးဒေးဗစ်ပြောတဲ့ထဲမှာ ပါတဲ့ ဒီ လူမျိုး မုန်းတီးရေးတို့ ဘာတို့ဆိုတာတွေက နှစ်ပေါင်းများစွာ ဖန်တီးခဲ့တဲ့ကိစ္စပေ့ါဗျာ ဒါကတခုပေ့ါ။ နောက်တခါ ကျနော် တို့ လူ့အခွင့်အရေးတို့ ဘာတို့ ယှဉ်တွဲမြင်ကြည့်တာက တခုပေ့ါ၊ နောက်တခုကလည်း အခုနားက ဒီမိုကရေစီ အလားအလာတွေကို လာမည့်ရွေးကောက်ပွဲတို့ ဘာတို့ကိစ္စတွေမှာ ဒီမိုကရေစီအလားအလာ သစ်များပေါ်ထွန်းအောင် လုပ်ဖို့ဆိုတဲ့ သဘောထားတွေ ကြားရတဲ့အတွက် ကျနော် မှုအားဖြင့်သဘောတူပါတယ်။ အဓိကပြဿနာက ဒီနေ့ အာဏာရှင်စနစ်ကို ဆန့်ကျင်ဖို့၊ အခြေခံတွေရှာဖို့ လက်တွဲနိုင်ဖို့၊ အဲဒါက အဓိကအကျဆုံးလို့ ကျနော်ထင်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ဦးဒေးဗစ်တို့ရဲ့ သဘောထား အမြင်ကိုလည်း ကျနော်တို့ ကြားချင် ပါတယ်ခင်ဗျား။

**ဒေးဗစ်သကဘော်**။ ။ ဟုတ်ကဲ့ ကျနော်တို့ကတော့ ဒီ စစ်မှန်တဲ့ပြည်ထောင်စုစနစ်ဖြစ်ပေါ်ရေးပေ့ါ။ ဥပမာ၊ ဆွစ်ဇာလန် မှာလို ကျနော်တို့ လူလေးမျိုးရှိတယ် ဟုတ်လား၊ အဲဒီမှာ ပြည်နယ်ပေါင်း ၂၃ ပြည်နယ်ထင်ပါတယ် အဲဒီလောက် ရှိတယ်ပေ့ါ၊ အဲဒီလို အခြေခံမျိုးပေ့ါ၊ ကျနော်တို့ ဒီမှာလုပ်ရင်ရမယ်လို့ထင်တယ်။ အဲဒီလို ကျနော်တို့ စီစဉ်မယ်ဆိုရင် အားလုံး ငြိမ်းချမ်းသွားပါမယ်။ နောက်ပြီးတော့ စစ်အစိုးရက စစ်အင်အားမသုံးနဲ့ ကျနော်တို့ ငြိမ်းချမ်းတဲ့နည်းနဲ့ အပေးအယူလုပ်ပြီးတော့ ရှင်းလင်းအဖြေရှာမယ်ဆိုရင် ငြိမ်းချမ်းမှု

ဖြစ်မှာပဲ။ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေ လှုပ်ရှားတာ ကျနော်တို့ ထောက်ခံတယ်။ ဘာလိုလဲဆိုတော့ ဒီမိုကရေစီ ဆိုတာက ငြိမ်းချမ်းတဲ့နည်းနဲ့ ပြဿနာဖြေရှင်းရေး၊ ပြဿနာဖြေရှင်းတဲ့အခါမှာလည်း ကျနော်တို့ အပေးအယူလုပ်ပြီးတော့ ဖြေရှင်းရမယ်ဆိုတဲ့ ဒီမိုကရေစီ အခြေခံရှိပါတယ်။

**ဦးဝင်းတင်**။ ။ ကျနော်တို့ အမှန်တိုင်းပြောရရင်တော့ အဓိကအားဖြင့်ကတော့ ဘာလဲဆိုလို့ရှိရင် ဒီအခြေခံဥပဒေ ပဲ ခင်ဗျား။ ၂၀၀၈– အခြေခံဥပဒေဟာ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက်လည်း အဟန့်အတားဖြစ်တယ်။ နောက်တခါ ကျနော်တို့ တိုင်းပြည်ရဲ့ ဒီမိုကရေစီစနစ်ထူထောင်ရေးနဲ့ ပတ်သက်လို့လည်း အဟန့်အတားဖြစ်စေတယ်၊ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ဖို့ လည်း အခြေခံတွေဖြစ်နေတယ်။ နောက်တခါ လူ့အခွင့်အရေး ဆုံးရှုံးမှုတွေ၊ နစ်နာမှုတွေ ဒါတွေအတွက်လည်း ပြဿနာဟာ ဒီအခြေခံ ဥပဒေပဲ ခင်ဗျား။

အဲဒါကြောင့် ကျနော်တို့ကတော့ ဒီနေ့ဗမာပြည်ရဲ့ လက်ရှိ လက်ငင်းဖြစ်ပေါ်နေတဲ့ လက်ရှိ နိုင်ငံရေး အခြေအနေက ဘာလဲ ဆိုတော့ ဒီအခြေခံဥပဒေ ၂၀၀၈ အခြေခံဥပဒေကို ပြုပြင်ပေးဖို့ အထူးသဖြင့်ကတော့ ဒီမိုကရေစီစံနှုန်းများနဲ့ မညီတဲ့အချက်များကို ဖယ်ရှားပေးဖို့ဆိုတာ ဒါကို ကျနော်တို့ အဓိကထားလို့ ပြောနေပါတယ်။ ဥပမာ ကျနော်တို့ NLD ဆိုလို့ရှိရင် ရွှေဂုံတိုင် ကြေငြာ စာတမ်းဆိုပြီး ကျနော်တို့ ထုတ်ထားပါတယ်။

အဲဒီထဲမှာ ကျနော်တို့ ဒီတောင်းဆိုချက် ငါးချက် တောင်းထားတယ်။ အကြီးဆုံး အချက်နှစ်ချက်ကတော့ ဘာလဲဆို တော့ အခြေခံဥပဒေကိုပြင်ပေးဖို့နဲ့ အဲဒီလိုပြင်ပေးနိုင်ဖို့အတွက် အခင်းအကျင်းတွေ အစီအမံတွေ လုပ်နိုင်အောင်၊ ဆုံးဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပဖို့ ၊ ဒီအချက် နှစ်ချက်က အဓိကအကျဆုံးပဲ ခင်ဗျား၊ အဲဒါတွေကို ကျနော်တို့ တောင်းဆိုနေပါတယ်။ အဲဒါတွေကိုလည်း ဦးဒေးဗစ်တို့ သဘောပေါက်ပြီးသား၊ သဘောတူပြီးသား ဖြစ်မယ်လို့ ကျနော်တို့ ယုံကြည်ပါတယ် ခင်ဗျား။

**ဒေးဗစ်သကဘော်**။ ။ ဟုတ်ပါတယ် ဒီအခြေခံဥပဒေက ကျနော်တို့ အစကတည်းကကိုက အစ မကောင်းဘူးဆိုတာ ကျနော်တို့ မြင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့အခြေခံဥပဒေ အမျိုးသားညီလာခံခေါ်တယ်။ ကျနော်တို့ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ NLD ရဲ့ကိုယ်စားလှယ်တွေက ရှစ်ဖွဲ့မှာ တဖွဲ့လောက်ပဲပါတယ်။ ဘာမှပြောရေးဆိုခွင့်လည်း မရှိဘူး၊ အဲဒီကစပြီးမှ ကျနော်တို့ ဒီ အခြေခံဥပဒေတော့ ဘယ်တော့မှဒီမိုကရေစီရနိုင်ဖို့လဲ ဖြစ်နိုင်မှာမဟုတ်ဘူး၊ တိုင်းရင်းသားအခွင့်အရေးကိုလည်း အာမခံချက် ဘာမှ မရှိဘူးဆိုတာ ကျနော်တို့ အစည်းကတည်းက အဲလို မြင်ပါတယ်။

**ဦးဝင်းတင်**။ ။ ဟုတ်ကဲ့၊

**ဒေးဗစ်သကဘော်**။ ။ အဲဒါကြောင့် ကျနော်တို့က ဒီ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အဲဒီကနေပြီးမှ အခြေခံဥပဒေအသစ်ရေးဆွဲရေး ဆိုတာကို ကျနော်တို့ ချမှတ်ထားတာရှိပါတယ်။ အခုဟာ ကတော့ နိုင်ငံတကာက ပြောတာပေ့ါဗျာ လုပ်ပါ၊ ဒီဟာလေးလက်ခံလိုက်ပါ၊ နောက်တဖြည်းဖြည်းပြောင်းယူပါ။ ကျနော်တို့ကပြောတယ် ဒီအခြေခံဥပဒေကြီးက ဘာမှပြောင်း လို့မရဘူး၊ ဒီမှာ လူထုနဲ့ဆွေးနွေးတာလည်းမရှိဘူး၊ သူတို့နည်းနဲ့ သူတို့ လက်သိပ်ထိုးပြီးတော့ လုပ်သွားတဲ့ကိစ္စ၊ နောက်ပြီးတော့ စစ်တပ်ကိုပဲ အာဏာပြန်ပေးတဲ့ အခြေခံ ဥပဒေ ကနော်၊ ဘယ်လိုမှ ကျနော်တို့ ပြောင်းလို့မရဘူး။

**ဦးဝင်းတင်**။ ။ ဟုတ်ပါတယ် ၊ ဦးဒေးဗစ် နဲ့ ကျနော်တို့ ပြောသွားသလောက်ကတော့ အခြေခံအကျဆုံးအချက်က ကျနော်တို့ ဒီ စစ်မှန်တဲ့ ပြည်ထောင်စုပေါ်ထွန်းရေးပေ့ါဗျာ၊ အဲဒါကတော့ တိုင်းရင်းသားတွေတောင်းဆိုနေတဲ့ တန်းတူညီမျှရေးရယ်၊ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ရယ် ပေ့ါဗျာ နော်၊ ဒီနှစ်ချက်က အဓိကအကျဆုံး၊ ဒါသာလျှင် စစ်မှန်သော ပြည် ထောင်စု ပေါ်လိမ့်မယ်ဟုတ်လား၊ ဒါကတချက်ပေ့ါ၊ နေက်တခုကတော ဒီလိုဟာမျိုးကို ရောက်ရှိဖို့ဆိုရင် လောလောဆယ် အဟန့်အတားဖြစ်နေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျနော်တို့ ဝိုင်းဝန်းပြီးတော့ ဆန့်ကျင်ကြဖို့၊ ဒါမှမဟုတ် လို့ရှိရင်လည်း ဒီအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲဖို့အတွက် ကျနော်တို့ တောင်းဆိုကြဖို့၊ ဒါဟာအဓိက ဖြစ်ပါတယ်။

အဲဒီတော့ အဲဒါတွေ အကုန်လုံးကိုလုပ်နိုင်ဖို့ဆိုရင် ကျနော်တို့ ရှေ့ဂုံတိုင်မှာ တောင်းဆိုထားတဲ့အတိုင်းပဲ တွေ့ဆုံ ဆွေးနွေးပွဲ ကျင်းပဖို့ပေ့ါဗျာ၊ တွေ့ဆုံဆွေးနွေးပွဲ ပြန်ကျင်းပဖို့နဲ့ပတ်သက်လို့ကတော့ ဒီအဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်များကျင်းပဖို့ ၊ အလားတူပဲ ဒီ ဗမာပြည်ရဲ့ကြံမှာကို ဖန်တီးတဲ့ ကိစ္စရပ်များမှန်သမျှမှာ တိုင်းရင်းသားများ မပါလို့ မဖြစ်ဘူး၊ တိုင်းရင်းသားတွေကို ကျနော်တို့ မေ့ချန်ထားလို့ မရဘူးဆိုတာ ကျနော်တို့လက်ခံပါတယ်။

အဲဒီတော့ ကျနော်တို့လိုချင်တာ အဓိက ပမထဦးဆုံး လိုချင်တာကတော့ ဒီနေ့ပေါ်ပေါက်နေတဲ့ ပြဿနာများ အထူးသဖြင့် ၂၀၀၈ အခြေခံဥပဒေများကိုဖြေရှင်းဖို့ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပဖို့ပဲဖြစ်ပါတယ်။ အဲဒီမှာလည်း တိုင်းရင်းသားလူမျိုးစုများ အခဏ်းကဏ္ဍလည်း တော်တော်ကြီးမားစွာ ပါဝင်တယ်လို့ ကျနော်တို့ သဘောပေါက်ပါတယ် ခင်ဗျား။

**ဒေးဗစ်သကဘော်**။ ။ ဟုတ်ကဲ့ ကျနော်သဘောတူပါတယ်။ နောက်ပြီးတော့ ခုနက ဦးဝင်းတင်ပြောသွားတဲ့ ကျနော်တို့ သာတူညီမျှမှုဆိုတာ ဟို ကျနော်ဆိုလိုချင်တာက ကျနော်တို့ တိုင်းရင်းသားတွေအနေနဲ့က absolute equality ဆိုတာထက် ကျနော်တို့ ကတော့ ဟိုဟာပေ့ါ Proportional equality အဲဒီအပေါ်မှာ အခြေခံပါတယ်။

**ဦးဝင်းတင်**။ ။ ဟုတ်ကဲ့

**ဒေးဗစ်သကဘော်**။ ။ နောက်ပြီးတော့ ကိုယ်ပိုင်ပြဌာန်းခွင့် ဆိုတာကလည်း ကျနော်တို့ နအဖက မတရား ဝါဒဖြန့်တာပေ့ါဗျာ ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုတာ ခွဲထွက်ရေးပဲ။ အမှန်တော့ မဟုတ်ပါဘူး၊ ကျနော်တို့ ပြည်ထောင်စုအတွင်းမှာ ကိုယ်ပိုင်ပြဌာန်းခွင့် internal self determination ပေ့ါဗျာ အဲဒါကို ဆိုလိုတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ကျနော်တို့ စကားပြောခွင့်ရတာ ဦးဝင်းတင် ။

**ဦးဝင်းတင်**။ ။ ဟုတ်ကဲ့ခင်ဗျား ကျနော်တို့ ဝမ်းသာပါတယ်။ ကျနော်တို့ တိုင်းရင်းသားများရဲ့ အသံတွေကို ကျနော်တို့ ကြားချင်ပါတယ် ကျနော်တို့ ဦးဒေးဗစ်တို့ရော သဘောတူညီကြတဲ့အတွက် သဘောညီကြတဲ့အတွက်ပေ့ါဗျာ။ ကျနော်တို့ အများကြီးလည်း ဝမ်းသာပါတယ်။ နောက်လည်း ကျနော်တို့တွေ့ဆုံပြီးတော့ စကားပြောကြဦးစို့ရယ်လို့ ကျနော် ဖိတ်ခေါ်ပါတယ် ခင်ဗျား။

**ဒေးဗစ်သကဘော်**။ ။ ဟုတ်ကဲ့... ဟုတ်ကဲ့ ...

**ဦးဝင်းတင်**။ ။ ဟုတ်ကဲ့ ခင်ဗျား။

**“တပ်ပေါင်းစုဖြင့် အောင်ပွဲခံရမည်”**

(အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု – မဒတ ဌာနချုပ်ရုံး မှ ပြန်လည် စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။)